သင်စကား ၁-၁၅

# သင်စကား
ဝိညာဉ်ရေးရာစာစောင်

သင်တို့ စိတ်ဝိညာဉ်ကို ကယ်တင်နိုင်သော၊
အထဲ၌ စိုက်ပျိုးသော နှုတ်ကပါဌ်တော်ကို
နူးညံ့သိမ်မွေ့သော စိတ်နှင့် ခံယူကြလော့။
ယာကုပ် ၁း၂၁ [ခ]


အမှတ်စဉ် ( ၁၅ )    ဒီဇင်ဘာလ    ၂၀၀၂ ခုနှစ်    ဖမ္မဒါန ( လစဉ် ပထမ သောကြာနေ့တိုင်း ဝေငှဲ ဖြန့်ချီသည် )





မိသားစု တော်တော်များများဟာ အကြောင်းအမျိုးမျိုးကြောင့် တစ်စုတစ်ဝေးတည်း မနေရဘဲ၊ ခွဲခွာနေကြရပါတယ်။ ဒုတိယ ကမ္ဘာ့စစ်အတွင်းက လူတွေဟာ စစ်ဘေးစစ်ဒဏ်ကြောင့် ရေခြား၊ မြေခြား၊ နိုင်ငံခြားပြီး ကွဲလွင့်ခဲ့ကြရပါတယ်။ အခုခေတ် အခုအချိန်မှာတော့ စစ်ဘေးစစ်ဒဏ်ကြောင့် ကွဲလွင့်ကြရတဲ့ သူတွေအပြင်၊ သမုဒ္ဒရာ ဝမ်းတစ်ထွာရေး အတွက် တနယ်တကျေးမှာ၊ နိုင်ငံရပ်ခြားမှာ စီးပွားရှာနေကြရလို့ မိသားစု အချင်းချင်း သိုက်သိုက်ဝန်းဝန်း၊ ရွှေးရွှေး ထွေးထွေး မနေရဘဲ၊ တစ်ကွဲတပြားစီ ခွဲခြားနေကြရပါတယ်။ ဥမကွဲ သိုက်မပျက် နေချင်ကြပေမဲ့၊ ဥကွဲ အသိုက်ပျက်ရတဲ့ ဘဝမျိုးကို လူတော်တော်များများဟာ ရင်ဆိုင်ကြရပြီး၊ " မြိန်ရာ ဟင်းကောင်း ၊ ခင်ရာ ဆွေမျိုး" ဆိုတဲ့ စကားပုံလို ကိုယ့်မိသားစုနဲ့ မနေရဘဲ၊ တစိမ်းတရံကို မိသားစုလို သဘောထားပြီး အတူနေရတဲ့ ဘဝမျိုးကို ရောက်ခဲ့ကြရပါတယ်။

အင်မတန် ကြီးမားပြီး စည်းလုံးညီညွတ်တဲ့ မိသားစုကြီးကို တမန်တော်ခေတ်မှာ တွေ့ခဲ့ရပါတယ်။ ဒီမိသားစုထဲမှာ ရှိတဲ့ (သို့) ပါဝင်တဲ့ မိသားစုဝင်တွေဟာ သခင် ယေရှုခရစ်တော်ကို မိမိတို့ရဲ့ ကယ်တင်ရှင် နဲ့ ဘုရားအဖြစ် ကိုးကွယ်ယုံကြည်သက်ဝင်တဲ့ သူတွေဖြစ်ပါတယ်။ သူတို့ပိုင်တဲ့ ဥစ္စာပစ္စည်းတွေကို အတူတူ သုံးစွဲကြတယ်။ လစာငွေကို အတူတူဝေမျှကြတယ်။ ဝမ်းသာသည်ဖြစ်စေ၊ ဝမ်းနည်းသည်ဖြစ်စေ အတူတူ ပိုင်းဝန်းခံစားပေးကြတယ်။ ဒါကြောင့် ငယ်ငယ်တုံးက ကျောင်းသင်ခန်းစာမှာ သင်ခဲ့ရတဲ့ သမိုင်းဦး ဘုံမြေစံနစ် ထဲကအတိုင်း အရာအားလုံးကို ဘုံပိုင်ပစ္စည်းအဖြစ် သတ်မှတ်သုံးစွဲကြပါတယ်။ အဲဒီ မိသားစုထဲမှာ ခေါင်းပုံဖြတ် အမြတ်ကြီးစားတဲ့သူ မရှိ ၊ ရေသာခို အချောင်လိုက်တဲ့သူ မရှိ ၊ မတော်တရား စီးပွားရှာတဲ့သူ မရှိ ၊ တကိုယ်ကောင်း ဆန်တဲ့သူ မရှိ ၊ အရာအားလုံးဟာ အကောင်းပကတိနဲ့ မွှမ်းထုံထားတယ်ဆိုတာ သေချာပါတယ်။

ကမ္ဘာဦး အစမှာကတည်းက အဘက်ဘက်က သာလွန်ပြည့်စုံကောင်းမွန်ပြီး ပျော်ရွှင်စရာကောင်းတဲ့ စံပြမိသားစုတစ်စု ရှိနေခဲ့ပါတယ်။ အဲဒီလို သာယာနေတဲ့ မိသားစုလေးကို ပြိုကွဲအောင်၊ ဖြိုခွဲပြီး နောက်ယှက်ခဲ့တဲ့သူတွေကတော့ စာတန်မာရ်နတ်နဲ့ ဖန်ဆင်းခံ လူသားနှစ်ဦးဖြစ်တဲ့ လူသားမျိုးနွယ် အပေါင်းတို့ရဲ့ " မိ နဲ့ ဖ " ။ အာဒံ ၊ ဧဝ တို့ဘဲဖြစ်ပါတယ်။

ဒီနေ့လို ခေတ်မီတိုးတက်ဖွံ့ဖြိုးနေတဲ့ အချိန်အခါမှာ နိုင်ငံတကာက လူသားမျိုးနွယ်ပေါင်းစုံဟာ မိသားစုဝင် အချင်းချင်း စည်းလုံးညီညွတ်အောင် ၊ သင့်မြတ်အောင် ၊ ချစ်ခင်ကြင်နာအောင် ၊ လေးစားသမှု ရှိအောင် ၊ ယိုင်းပင်းကူညီ တတ်အောင် နည်းစုံ လမ်းစုံနဲ့ ၊ မီးကုန် ယမ်းကုန် ကြိုးစားနေကြဆဲပါဘဲ။

သာယာပြီးပြည့်စုံပြီး ကောင်းမွန်တဲ့ စံပြမိသားစု အိမ်ထောင်ဖြစ်ဖို့ကတော့ ဘုရားသခင်ကို အိမ်ထောင်ဦးစီး နေရာမှာထားပြီး အိမ်သူအိမ်သားတွေက လည်း အိမ်ထောင်ဦးစီးရဲ့ ပညတ်ချက်တွေနဲ့ စည်းကမ်းတွေကို လိုက်နာဖို့ လိုပါလိမ့်မယ်။

သင်ဟာ အခုအချိန်မှာ မိသားစုတစ်စုရဲ့ မိသားစုဝင် တစ်ဦးဖြစ်နေတယ်ဆိုတာ သေချာပါတယ်။ သင့်ရဲ့ မိသားစုဝင်ထဲက တစ်ဦးဦး ( ဥပမာ - အဖေ၊ အမေ၊ အစ်ကို၊ အစ်မ၊ ညီ၊ ညီမ၊ မောင်လေး ) ((သို့)) သင်ကိုယ်တိုင် မိသားစုနဲ့ ခွဲခွာနေရပဲ့ အဖြစ်မျိုးကို အခုအချိန်မှာ ရင်ဆိုင်နေတယ် မဟုတ်လား မိတ်ဆွေ။ (ကျွန်တော် စေဒင် ပေးနေတာ မဟုတ်ပါဘူး ) ဒီလိုအချိန်မျိုးမှာ သာယာပျော်ရွှင်ကြည်နူးစရာကောင်းတဲ့ မိသားစု စုံစုံလင်လင်နဲ့ နေရတဲ့ ဘဝမျိုးကို သင် တမ်းတဖူးပါသလား။ မိသားစုနဲ့ နေထိုင်လိုချင်စိတ် ဖြစ်ပေါ်ဖူးပါသလား။ ဒီစာမှုကို ရေးနေချိန်မှာ ကျွန်တော်ဟာ ကျွန်တော့ရဲ့ မိသားစုဝင်အားလုံးကို တမ်းတပြီး အထီးကျန် ဘဝမျိုးကို ပိုင်ဆိုင်နေရပါတယ်။

ယောဟန် ၂-၁၅

ကမ္ဘာဦး အစက သာယာတဲ့ မိသားစုအိမ်ထောင်ကို တည်ထောင်ခဲ့တဲ့ ဘုရားသခင်ဟာ ပြိုကွဲသွားတဲ့ သူ့ရဲ့ မိသားစုလေးကို ပြန်လည်တည်ထောင်လိုစိတ် ဖြစ်ပေါ်နေပါတယ်။ သူ့ရဲ့ မိသားစုဝင်အဖြစ် ယောဒီ ကမ္ဘာလောကကြီးထဲက မည်သူ့ကိုမဆို ပါဝင်ခွင့်ပေးထားပါတယ်။ မည်သူမဆို လွတ်လပ်စွာ ပါဝင်ခွင့်ရနိုင်ပါတယ်။ ဒါပေမဲ့ အရေးကြီးဆုံး အချက်ကတော့ ဘုရားသခင်ရဲ့ မိသားစုဝင်ဖြစ်သူဟာ လောကီအမြစ် အညစ်အကြေး လုံးဝကင်းစင်ပြီး သန့်ရှင်းသူ ဖြစ်ရပါမယ်။ ဒါဟာ ဘုရားသခင်ရဲ့ စံချိန်သတ်မှတ်ချက်ဖြစ်ပါတယ်။

ဒီလိုသာ စံချိန် သတ်မှတ်ကြစတမ်းဆိုရင်တော့ ကျွန်တော်တို့ လူသားတွေအားလုံးထဲမှာ ဘယ်သူမှ ဘုရားသခင်ရဲ့ မိသားစုဝင်ဖြစ်လာမှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ လူတိုင်းဟာ အပြစ်နဲ့ ပြည့်ဝတဲ့ အသက်တာကို ပိုင်ဆိုင်ထားကြလို့ပါဘဲ။

ဒါပေမဲ့ လူသားကို ချစ်တဲ့ ဘုရားသခင်က လူတိုင်းအတွက် လမ်းတစ်လမ်း ဖွင့်ထားပေးပါတယ်။ အဲဒီလမ်းကတော့ ဘုရားသခင်ရဲ့ သားတော် ယေရှု ခရစ်တော်ကို မိမိရဲ့ ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လက်ခံ ကိုးကွယ်တဲ့ သူဟာ အပြစ်ကလွတ်မြောက်ပြီး ဘုရားသခင်ရဲ့ မိသားစုဝင်အဖြစ် သတ်မှတ်ခံရမှာဖြစ်ပါတယ်။ မိမိအပြစ်ကို နောင်တရပြီး ဝန်ချခဲ့ရင် အပြစ်က လွတ်မြောက်ခွင့်ရတဲ့အပြင် ဘုရားသခင်ရဲ့ မိသားစုဝင်ဖြစ်ခွင့် ကို ပိုင်ပိုင်နိုင်နိုင် ရယူနိုင်မှာဖြစ်ပါတယ်။ ဒီအခွင့် အရေးကို လက်မလွှတ်စတမ်း အချိန်မှီ ရယူကြပါစို့။

( သားတော်မောင် အလီမွှာ)

ဝဝဝဝဝဝဝဝဝဝဝ ဝဝဝဝဝဝဝဝဝဝဝ ဝဝဝဝဝဝဝဝဝဝဝဝ ဝဝဝဝဝဝဝဝဝဝဝဝ ဝဝဝဝဝဝဝဝဝဝဝ

## ရင်တွင်းသက်သေ

◆ ◆ ကျွန်တော်က မိရိုးဖလာခရစ်ယာန် တစ်ယောက်ပါ။
ငယ်ငယ်တုံးက ဆန်းဒေးစကူး မတက်ဘဲ၊ ပေဖေတေတေ နေခဲ့ပါတယ်။
ကြီးလာတော့ လူကြီးသူမ စကားတွေကို ပြန်မပြော၊ နားမထောင်တဲ့ ပုံစံမျိုးနဲ့ အသက်ရှင်ခဲ့ပါတယ်။
ပူးယစ်ဆေးဝါး သုံးစွဲတာတို့၊ ရိုက်ရန်ဒေါသဖြစ်ပွားတာတို့တစ်ခါမှ မလုပ်ခဲ့ဖူးပါဘူး။ ဒါကြောင့် ကိုယ့်ကိုယ်ကို သူများထက် အကျင့်သီလကောင်းတယ်လို့ အထင်ကြီးတဲ့ မာန်မာနစိတ်ဝင်ခဲ့ပါတယ်။
အသက် ၁၁ နှစ်အရွယ်ကစပြီး ရန်ကုန်မြို့ပေါ်က နာမည်ကြီး အသင်းတော်က ဆရာသမားတွေရဲ့ တရားဟောချက်၊ ကျမ်းစာသင်တန်းတွေကို လက်လှမ်းမှီသလောက်တက်ခဲ့ပါတယ်။
အဲဒီ အချိန်ကစပြီး ခရစ်တော်အကြောင်းကို ဦးနှောက်ထဲမှာ ကောင်းကောင်းသိခဲ့သလို စိတ်နှလုံးထဲမှာလည်း ဘုမသိဘမသိနဲ့ အကြိမ်ကြိမ်ခေါ်ပိတ် လက်ခံခဲ့ဖူးပါတယ်။

◆ ◆ ၁၉၈၈ ခုနှစ် တနိုင်ငံလုံး အရေးအခင်းဖြစ်တဲ့အချိန်တုံးက မျက်စိရှေ့မှာ၊ ဘေးပတ်ဝန်းကျင်မှာ၊ သွေးပျက်စရာကောင်းလောက်အောင် လူတွေတဖုတ်ဖုတ် သေဆုံးတာကို မြင်တွေ့လိုက်ရတော့ "ငါသေရင် ငါ့ဝိညာဉ် ဘယ်သွားမှာလဲ" ဆိုတဲ့ အတွေးတွေဝင်လာပြီး သေရမှာကို အရမ်းကြောက်သွားခဲ့ပါတယ်။ အဲဒီအခါမှ ကိုယ့်ကိုယ်ကို ကယ်တင်ခြင်းစိတ်ချမှု မရှိသေးမှန်း၊ အယောင်ဆောင် "ကြောင်သူတော်၊ ကြွက်သူခိုး" ခရစ်ယာန်မှန်း ပြတ်ပြတ်သားသား သိလာခဲ့ရပါတယ်။
အရင်က ကြားခဲ့ဖူးတဲ့ ဒေသနာတွေနဲ့၊ ဖတ်ခဲ့ဖူးတဲ့ ကျမ်းချက်တွေကို အဲဒီအချိန်မှာ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ ဖော်ပြမှုကို ခံစားရပြီး ၁၉၈၈ နိုဝင်ဘာလ မှာ နေ့တဝက် အခစာရှောင်ပြီး ကိုယ့်အပြစ်ကိုဝန်ချရင်းနဲ့ ခရစ်တော်ယေရှုဘုရားကို ကျွန်တော့်ရဲ့ ကယ်တင်ပိုင်ရှင်ဘုရားအဖြစ်၊ နှလုံးသားထဲမှာ ဝေါ်ဖိတ်လက်ခံ ဆုတောင်းခဲ့ပါတယ်။ အဲဒီ အချိန်က စပြီး ကျွန်တော့်ရဲ့ အသက်တာကို ဘုရားရှင်အတွက် ဆက်ကပ်ခဲ့ပါတယ်။ ။

( မင်းအောင်သက်လွင် )

ဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝ ဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝ ဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝ

## ။ ဆုတောင်းခြင်း ။

◆ ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကို ရေတွက် ချီးမွမ်းတတ်ရန် ...
ဘုရားသခင်က သင်၏ ဆုတောင်းချက်ကို နားညောင်းကာ ချက်ခြင်းအဖြေပေးတတ်ပါသည်။

◆ စိတ်ရှည်ခြင်း၊ သည်းခံခြင်း နှင့် ရင့်ကျက်သော အသက်တာ ရရှိစေရန် ...
ဘုရားသခင်က သင်၏ ဆုတောင်းချက်ကို နောက်မှ အဖြေပေးတတ်ပါသည်။

◆ အလိုတော်ကို ဝန်စံတတ်ရန်နှင့် သင် ဘေးဒုက္ခ မရောက်စေရန် ...
ဘုရားသခင်က သင်၏ ဆုတောင်းချက်ကို လုံးဝ အဖြေမပေးဘဲ နေတတ်ပါသည်။

( ကျွန်တော် )

သဒင်အကာ: ၃-၁၅

## ပျောက်ဆုံးခြင်း

တချိန်က ...
သိုးကျောင်းသားလေး တစ်ယောက်ဟာ
သူထိန်းကျောင်းနေတဲ့ သိုးကလေးတွေ
ပျောက်ဆုံးသွားတဲ့အတွက်
ဝမ်းနည်းပူဆွေးစွာ မျက်ရည်သွန်းခဲ့ဖူးပါတယ်...

လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင်ကတော့ ...
စကြဝဠာနဲ့ ကမ္ဘာမြေကြီးရဲ့ ဖန်ဆင်းရှင်ဟာ
သူဖန်ဆင်းထားတဲ့ သားသမီးများ (လူသားများ )
ပျောက်ဆုံးကုန်တဲ့အတွက်
နှလုံးကြေကွဲစွာ အသွေးသွန်းပြီး အသက်ပေးခဲ့ဖူးပါတယ်...

သိုးကျောင်းသားက ပြောတယ်
သူ့သိုးတွေဟာ မျက်စိ သိပ်မကောင်းကြဘူးတဲ့၊
သူတို့ကြိုက်တဲ့ မြက်ပင်တွေကိုသာ ငုံ့စားရင်း
ကရွေ့ရွေ့နဲ့ ဝေးကွာသွားနေရာကနေ
သူတို့ရဲ့အိမ်လေးကို မမှတ်မိတော့ဘဲ
တပါးသား နိုးယူလိုက်ခြင်းအားဖြင့်
ပျောက်ဆုံးသွားတာပါတဲ့...

ဘုရားရှင်က ပြောတယ်
သူ့သားသမီးတွေဟာ လမ်းကျယ်နဲ့ လမ်းကျဉ်းကို မခွဲခြားတတ်ကြဘူးတဲ့၊
သူတို့နှစ်သက်တဲ့ မြေကြီးနဲ့ ဆိုင်တဲ့အရာတွေကိုသာ ဦးစားပေးရင်း...
လောကနဲ့ ဆိုင်တဲ့ အရာတွေကိုသာ အာရုံစိုက်နေရာကနေ
သူတို့ရဲ့ အဖအိမ်တော် (ကောင်းကင်လမ်း)ကို မတွေ့ရှိတော့ဘဲ...
မာတန်သား နိုးယူလိုက်ခြင်းအားဖြင့် ပျောက်ဆုံးကုန်တာပါတဲ့...

ခရစ်ယာန်တွေ ပျောက်ဆုံးသွားပုံကတော့...
'ဘုရားကျောင်းမတက်လည်း ပြဿနာမရှိပါ ' လို့ ခံယူသူနဲ့
ဘုရားကျောင်းတက်သော်လည်း စိတ်နှလုံးမပါဘဲ ဟန်ဆောင်ကိုးကွယ်သူများ
ဘုရားရှင်ကို ဦးစားပေးသင့်တဲ့ အချိန်တွေမှာ
လောကအရာတွေအတွက် ပူပန်ကြောင့်ကြနေသူအချို့နဲ့
လောကအရာတွေ၌သာ ပျော်မွေ့မက်မောနေသူတွေပါလို့
သတိပေးသွားပါတယ် ... ...

**ငြိမ်းကိုမင်း**

(အခြေပြုကျမ်း ... မိုက်သောသူသည် မိမိပြုသောအမှုကို မှန်သည်ဟု ထင်တတ်၏။ သုတ္တံ ၁၂:၁၅ )

ဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝ

## တန်ပြန်အား

ဥယျာဉ်ကလည်း ပြည့်စုံ၏
မိုက်လှသည့် အာဒံ
ဧဝ ကြောင့် သစ်သီးစားပြီ ...
ဧဝ ဧဝ
ဒီ သစ်သီး ကိုမှ ရွေးစားတယ်
ခွက်လည်းအောက်၌ ပုဆိုးပေါက်ပြီး
Sunday ဆို Church နဲ့ ဝေးပေါ့ ...

နေဟာမိ ရဲ့ မြို့ရိုးတည်ပွဲမှာ
ပါဝင်မယ် အားခဲပြီး
အိပ်ယာထ နောက်ကျတဲ့ အသင် ...
အများကိုလည်း မရောက်
သဲထဲ ဂုတ်မည် စိတ်ပြောင်းတဲ့ အသင်၊
ဒါဝိဒ် ရှိရင်
သင် လေးခွစာ မိလိမ့်မယ် ...

အသင် မကြိုက်ရင်
အပိုင်းပိုင်း ခုတ်ပြီး
လေဟာနယ်ထဲ သပြိုလ်လိုက်ပေါ့
လောကကို ပိုင်နိုင်ခွင့်
ကိုယ်တော်ပေးခဲ့ပြီဘဲ ...

သစ်သီးစားတဲ့ ပိုင်နိုဆေသများ မရှိတော့
မီးစာကုန်တဲ့ သတို့သမီး ငါးယောက်
အိပ်ချင်တောင် မပြေသေး ...
သင်မသိရင် ထားလိုက်ပါတော့ ၊
မဟုတ်ရင်တော့ သင့်အမှားဘဲ အသင် ...
လိုချင်တာတွေ ရခဲ့ပြီး
အသင့်နာမည် မဟုတ်ခဲ့ရင်
သင့်ဘဝက ဥပမာတစ်ခုပါဘဲ ...

သင့် အထင် မဟုတ်ခဲ့ရင် သတိရစမ်းပါ ၊
ငါ့အမြင်ဟာ သင်တို့အမြင်ကဲ့သို့ မဟုတ်
ကိုယ်တော်ဆိုခဲ့တယ် ၊
ငှက်ခါး နာရင်တော့ ၊ သင် လက်မနှေးနဲ့ပေါ့ ...

ဝင်ဆင့် က ချစ်သူအတွက်
နားရွက်ဖြတ်ပေးတာ မထူးဆန်းဘူး ၊
ပွတ်ရကင့် လို သေနတ်ယှဉ်ပစ်ဖို့လည်း အသင့်ဘဲ၊
ဒါပေမယ့် ...
ဖွံ့ဆုန် ကိုတော့ သင်ခန်းစာ ယူရလိမ့်မယ် အသင် ...

လူငယ် ယောသပ် ကို
မိုက်လှလေစွလို့
မျက်ခွံလေးစွာ အသင်ဆို ၊
မိတ်ဆွေ ...
Gladiator ဘဝထက်
သင် ဆိုးသွားလိမ့်မယ် ...

သင်ကြဲတဲ့ မျိုးစေ့
ဗီနပ်ပေါက်သည့် ဖြစ်စေ ၊
Fashion အမျိုး ဖြစ်စေ ၊
မြေမာပေါ်လား ၊ ကျောက်ပေါ်လား ။
မြေဇာကောင်းရာ မြေမှန်လား ၊
သင်ကြဲ မျိုးစေ့ ကျောက်တွင်မည် ...

သက်ရောက်မှုတိုင်း
တန်ပြန်အား ဖြစ်တည်သည့်ကို
Newton က ဆိုခဲ့ပြီ ၊
လက်နှလုံးကြား မီးမပုဓိ
Sunday School က ဆရာမ ထက်
ငါးနှစ် ကြီးချင်တဲ့ အသင်
ခြေစုံရပ်ပြီး မျှော်ကြည့်ပါ ၊
သင်စိုက်သည့် အတိုင်း ရိတ်ရလိမ့်မည် ... ... ...

**ရှူးဒါး**

သင်ခန်းစာ- ၄ . ၁၇

# သိုးထိန်းကောင်းတစ်ယောက်အကြောင်း



မြေ့ ဆက်ပရေးဖို ပေးခွန်းလေး သုံးခွန်းလောက်နဲ့ အစပြုပါရစေ။ ထာဝရဘုရားသည် ငါ၏ သိုးထိန်းဖြစ်တော်မူ၏ ( ဆာလံ ၂၃း၁ ) ဒီကျမ်းပိုဒ်လေးကို မေးခွန်းလေးအဖြစ် ပြုလုပ်ကြရအောင် ...

၁။ ထာဝရဘုရားသည်

၂။ ငါ၏

၃။ သိုးထိန်း

ဒီသုံးခုထဲမှာ မိတ်ဆွေအနေနဲ့ ဘယ်အပိုင်းက ပိုပြီး အရေးကြီးတယ်လို့ ထင်ပါသလဲ။ အများအားဖြင့် ၁ နဲ့ ၃ လို့ဖြေလိုက်ကြမှာပါ။ ကျွန်မအနေနဲ့ နံပါတ် ၂ “ ငါ၏ ” ဆိုတဲ့ စကားလုံးကို ရွေးလိုက်မှာပါ။ ဘာဖြစ်လို့လဲဆိုတော့ (၁) “ထာဝရဘုရား” သည် အစနှင့်အဆုံး ဘုရားဖြစ်သည်။ (၃) “သိုးထိန်း ” ခရစ်တော် ကိုယ်တိုင် သူ့ကိုယ်သူ သိုးထိန်းကောင်းလို့ ပြောခဲ့ပါတယ်။ “ငါ၏” ဆိုတဲ့စကားလုံးမှာ ကျွန်မတို့က သူ့ကို “ငါ၏” သိုးထိန်း (သို့) ကယ်တင်ပိုင်ရှင် သခင်လို့ သတ်မှတ်ရဲ့လား။ ရှေ့ဆက်သွားကြပါစို့ ...

ငါအမှန်အကန်ဆိုသည်ကား သိုးခြံထဲသို့ တံခါးမပြင့်မဝင်၊ အခြား လမ်းဖြင့် တက်ဝင်သောသူသည် သူခိုး ဓါးပြ ဖြစ်၏။ သိုးထိန်းမူကား တံခါးဝဖြင့် ဝင်တတ်၏။ ယောဟန် ၁၀း၁-၂

ခရစ်တော်ကိုယ်တိုင် ဒီဥပမာလေးနဲ့ သွန်သင်ထားတယ်။ သူခိုး တစ်ယောက်က အိမ်တစ်အိမ်ကို ပစ္စည်းဝင်ခိုးတော့မယ်ဆိုရင် ည(သို့) လူမရှိတဲ့ အချိန်မှ လာတတ်ပါတယ်။ ဘယ်သူမဆို ကိုယ့်အိမ်ကို ခိုးကြောင်ခိုးဝှက်နဲ့ ဝင်မှာ မဟုတ်ပါဘူး။ အိမ်တံခါးမကြီးဆီကဘဲ ဂုဏ်ရှိရှိနဲ့ ဝင်မှာသေချာပါတယ်။ သူခိုးက တိရိစ္ဆာန်ကိုခိုးမယ်ဆို တံခါးရှိတဲ့နေရာက ဝင်ရင် သူများတွေသူ့ကို တွေ့မှာ စိုးရိမ်တဲ့အတွက် အခြားလမ်းက ဝင်လာမှာဖြစ်ပါတယ်။

သိုးထိန်းမူကား တံခါးဝဖြင့် ဝင်တတ်၏။ ထိုသူအား တံခါးစောင့်လည်း ဖွင့်တတ်၏။ သူ၏ စကားသံကို သိုးတို့သည် နားထောင်တတ်ကြ၏။ သူသည် မိမိသိုးတို့ကို နာမည်ဖြင့်ခေါ်၍ ပြင်သို့ ထုတ်ဆောင်တတ်၏။ သိုးများကိုထုတ် သောအခါ သိုးတို့ရှေ့မှာ သွား၍ သိုးများတလဲ သူ့အသံကို ကျွမ်းသောကြောင့် လိုက်တတ်ကြ၏။ ယောဟန် ၁၀း ၃-၄

တိရိစ္ဆာန်ရှိတဲ့သူတွေဆို မိမိရဲ့ တိရိစ္ဆာန်ကို အမိန့်ပေးတဲ့အခါ တိရိစ္ဆာန်က သူ့သခင်ရဲ့အသံကို ကောင်းကောင်းကျွမ်းဝင်ပါတယ်။ သခင်ကလည်း သူ့ကိုသိတယ်။ သူကလည်းသခင့်ကိုသိတယ်။ ကျွန်မရဲ့ ဝမ်းကွဲအစ်မ တစ်ယောက်က တိရိစ္ဆာန်ကိုအရမ်းချစ်တယ်။ သူ့ရဲ့အချစ်ဆုံး ကြောင်လေး တစ်ကောင် ရေတွင်းထဲပြုတ်ကျပြီးသေသွားတယ်။ အဲဒီနေ့ကဆို သူ့အိပ်ယာ ပေါ်မှာ တစ်နေ့လုံးငိုပြီး ထမင်းလည်းမစားဘူး။ သူ့ကြောင်လေးကို မီးရွှေဝါ လို့နာမည်ပေးထားတယ်။ အရင်မသေခင်ကဆို မီးရွှေဝါ လို့ခေါ်လိုက်ရင် ကြောင်လေးက အမြီးလေးလှုပ်ပြီး သူ့ဆီကိုလာတယ်။

ဒီလိုဘဲ ဘုရားသခင်က ကျွန်မတို့ရဲ့နာမည်၊ စိတ်နေသဘောထား၊ အတွေးအတောတွေ အားလုံးကိုသိတယ်။ ဇန်ဆင်းရှင်ဖြစ်သော သိုးထိန်း ကောင်းကြီးရဲ့ စကားတော်ကို နားထောင်ပြီး သူ့နောက်ကို လိုက်သင့်ပါတယ်။ သိုးထိန်းရဲ့ အသံကို မကျွမ်းပါက စာတန်ရဲ့နောက်သို့ ယောင်ရမ်း၍ လိုက်ပါ သွားမိပါလိမ့်မယ်။ သင်၏ အပေါင်းအသင်းမိတ်ဆွေ တစ်ဦးဦးက ဖြောင့်မတ် သောလမ်း (သို့) ကွေ့ကောက်သောလမ်း တစ်ခုခုကို ပို့ဆောင်နေပါသလား ဆိုတာကို အလေးအနက် စဉ်းစားသင့်ပါတယ်။

ငါအမှန်အကန်ဆိုသည်ကား ငါသည် သိုးပေါင်းသော တံခါးဖြစ်၏။ ငါ့ရှေ့၌ ပေါ်လာသောသူရှိသမျှတို့သည်။ သူခိုး ဓားပြဖြစ်ကြ၏။ ထိုသူတို့၏ စကားသံကို သိုးတို့သည် နားမထောင်ကြ။ ယောဟန် ၁၀း၈ ။

ခရစ်တော်သည် ကျွန်ုပ်တို့အတွက် တံခါးဖြစ်သောကြောင့် ထိုသခင်ကို ယုံကြည်လက်ခံမယ်ဆိုရင် ကယ်တင်ခြင်းကို ရလိမ့်မယ်။

ယေရှုက ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်း ဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘထံသို့ အဘယ်သူမျှ မရောက်ရ။ ယောဟန် ၁၄း၆

ငါသည်ကောင်းသော သိုးထိန်းလည်းဖြစ်၏။ ကောင်းသောသိုးထိန်းသည် သိုးတို့အဘို့အလို့ငှာ မိမိအသက်ကိုစွန့်တတ်၏။ ယောဟန် ၁၀း၁၁။

ယေရှုက သူပြောတဲ့ စကားအတိုင်း သူလုပ်တယ်။ သူ့ရဲ့အသက်ကို လောကီလူသား အားလုံး အတွက်ပေးခဲ့တယ်။

သူငှားဖြစ်သောသူမူကား တောခွေးလာသည်ကို မြင်လျှင် သိုးတို့ကို ပစ်ထား၍ ထွက်ပြေးတတ်၏။ တောခွေးသည်လည်း သိုးတို့ကို လုယက်၍ ကွဲ လွင့်စေ၏။ သူငှားသည် သူငှားဖြစ်၍ သိုးတို့၏အကျိုးကို မရှုသောကြောင့် ထွက်ပြေးတတ်၏။ ငါသည်ကောင်းသောသိုးထိန်းဖြစ်၏။ ခမည်းတော်သည် ငါ့ကိုသိတော်မူ၍ ငါ သည်လည်း ခမည်းတော်ကိုသိသကဲ့သို့ ငါ၏သိုးတို့ကို ငါသိ၏။ ငါ့သိုးတို့သည် လည်း ငါ့ကိုသိကြ၏။ ငါသည်ကိုယ်အသက်ကို သိုးတို့အဘို့အလို့ငှာစွန့်၏။ ယောဟန် ၁၀း၁၂- ၁၅

ပျောက်ဆုံးနေသောသိုးများ

ဥပမာစကားကို မိန့်တော်မူသည်ကား၊ ပမာဏစစ်ယောက်သော သူသည်၊ သိုးတစ်ရာရှိ၍ သိုးတစ် ကောင်ပျောက်လျှင် ကိုးဆယ်ကိုး ကောင်သော သိုးတို့ကို တောတွင်ထားခဲ့ပြီးမှ ပျောက်သောသိုးတစ်ကောင်ကို မတွေ့မှီ တိုင်အောင် သွား၍ မရှာဘဲနေမည်လော။

အချို့သောသူများမှာ နှမြောတတ်သောစိတ်ရှိသော်လည်း အချို့မှာ “ပျောက်ပလေ့စေ၊ ငါ့မှာသိုးတွေ အများကြီးကျန်သေးတယ်။ ပျောက်တဲ့သိုးက အရမ်းနားကောက်တယ်။ မလိမ္မာဘူး။ အဲဒီလမ်းက ဘေးန္တရာယ်ရှိတယ်၊ မသွား နဲ့လို့ အတန်တန်မှာထားလျက်နဲ့ သွားချင်တာကိုး ပျောက်ပလေ့စေ။ ငါ မနေမြောဘူး။ ” လို့ဆိုပြီး သွားမရှာဘဲ ပစ်ထားနိုင်ပါတယ်။ စစ်မှန်တဲ့ သိုးပိုင်ရှင်မှာ မိမိရဲ့သိုးကိုချစ်သောကြောင့် သူ့သိုးအတွက် စိတ်ပူပြီး မတွေ့တွေ့ အောင်ရှာမှာဖြစ်တယ်။


... ... တွေ့ပြီးလျှင်၊ ဝမ်းမြောက်သောစိတ်နှင့် ပုခုံးပေါ်မှာ တင်ထမ်း၍ မိမိ အိမ်သို့ရောက်သောအခါ အဆွေခင်ပွန်း၊ အိမ်နီးချင်း များတို့ခေါ်၍ ပျောက်သောသိုးကို ငါတွေ့ပြီ၊ ငါနှင့်အတူဝမ်းမြောက်ကြပါ ဟုဆိုတတ်သည်မဟုတ်လော။ ထိုနည်းတူ ဖြောင့်မတ်၍ နောင်တရစရာ အကြောင်းမရှိသောသူ ကိုးဆယ် ကိုးယောက်ထက်၊ ကောင်း ကင်သားတို့သည် ဝမ်းမြောက်ခြင်းရှိသည်ထက် နောင်တရသော ဒုစရိုက်ရှိတစ်ယောက်၌ သာ၍ ဝမ်းမြောက်ခြင်းရှိသည် ဟုငါဆို၏။ လုကာ ၁၅း၅-၇

သိုးထိန်းကောင်းဟာ မိမိသိုးတွေရဲ့ အမည်ကိုသိပြီး သိုးတို့ မတွေ့တဲ့အခါ ခေါ်တတ်ပါတယ်။ ကျွန်ုပ်တို့ဟာလည်း သိုးများကဲ့သို့ လမ်းလွဲသောအချိန်မှာ သိုးထိန်းကြီးက နာမည်ခေါ်နေပါတယ်၊ သခင့်ခေါ်သံကို ကြားရပါလျှင် ပြန်လှည့်ပါက သခင်သည် သင့်ကို ကယ်ပြီး ယခင်ကပုံ မပြောင်း လဲသောအချစ်နဲ့ ပြန်လက်ခံမှာ သေချာပါတယ်။ ။

ဆင်ကူးကြီး

# ကြိုတင်၍ပြုးကာပျော်ပါလေဦး

အသက်သေခံချက် ကဗျာ



ကမ္ဘာလှည့် သင်္ဘောကြီးကိုစီး
ဘီယာကို ရေလိုသောက်
အရက်သမားဘဝ ရောက်လောက်အောင်
နေ့ ဆို နေ
ည ဆို လ
ပျော်နိုင်ခဲ့ရုံးသူရယ်ပါ ...

သင်္ဘောသား အသိုင်းအဝိုင်းရဲ့
လောကရမက် ဆွဲဆောင်ချက်တွေကို
မရေမရာ ဘဝဆုံး ရောက်လောက်အောင်
လက်ခံသုံးစွဲ ခေတ်နဲ့ရဲ့လက်ဝယ်
ချုပ်နှောင်လည်း ခံခဲ့ရရုံး သူရယ်ပါ ...

ခွင့်လွှတ်ခြင်းရယ် အရင်းခံ
ချစ်ခြင်းရယ် အလင်းရောင် လွှမ်းခြုံလို့
"သားရင်း" အဖြစ်ရယ်နဲ့
လက်ခံခွင့်လွှတ် ချစ်ခဲ့တဲ့
အဖ ခရစ်တော်ရဲ့ မေတ္တာရင်ခွင်မှာ
ယုံကြည်ခြင်း တစ်ခုရယ်နဲ့၊ ရဲဝံ့စွာ ခိုလှုံခဲ့ရင်း
ခေတ်နဲ့ရဲ့ လက်အတွင်းရယ်မှ
"ငရဲဘုံ" သက်မဆင်းရဘဲ၊
လွတ်ကင်းခဲ့ရသူရယ်ပါ ...



ခံမှန်ဖုံးတဲ့ ခေသူငယ်လို
ရိုးရိုမိစိတ် အလုံးစုံနဲ့၊ လောကရဲ့ အကြံအဖန်
ခေတ်နဲ့ရဲ့ ပြယုဂ် ပဋ္ဋလက်မှာ
တစ်ဖန်ပြန် ရေစုန်မမျောမိစေဖို့
အဖဘုရားရဲ့ နှုတ်ကပါတ်တော် အစာကို မှီဝဲရင်း
အံ့ဖွယ် ဆုတောင်းခြင်းတွေနဲ့၊ နေ့စဉ်ခွန်အားယူရင်း
ဝိညာဉ်တော်သွန်းလောင်းခြင်းရယ်ဖြင့်
လောကကို အောင်နိုင်သူဖြစ်ဖို့ရာ
"အာဒံ"ရဲ့ ဇာတိရုပ် အမှုကို
ဝိညာဉ်တော်တန်ခိုးနဲ့ လွှမ်းခြုံလို့
ခရစ်တော်ကို ဘွယ်ဖက်ရင်း
အသက်တာအတွက်
ကိုယ်တော်အလိုကျ သုံးစွဲနိုင်ဖို့ရာ
ဘဝကို အပ်နှံလျက် အမှုတော်အတွက်
"အစေခံ" ဖြစ်ခဲ့ရသူရယ်ပါ ...


ကိုယ်တော် အတွက်ဆို
ဂုဏ်ရှာ ရယ်ဘဲ ပြောပြော
ခေါင်းကြီးပိုင်း ခရစ်ယာန်ဘဲ ဝေဖန်ဝေဖန်
မစားရ ဝခမန်း၊
အနှစ်မရှိတဲ့ ကဲ့ရဲ့ခြင်း
အသိုင်းအဝိုင်း တစ်စုရဲ့၊ အဖျင်း စကားသံတွေကို
သန့်ရှင်းမွန်မြတ်သော စိတ်နှလုံးနဲ့

ကြိုတင်၍ ကြိုတင်ကာပြုံးရင်း
ပြုံး၍ ပြုံးကာ ပျော်ရွှင်ခြင်းများစွာကို
ဘဝပစ္စုပ္ပန်တိုက်ပွဲ တစ်ခုကိုဖြင့်
ရင်ဆိုင် အံတုရင်းနဲ့ဘဲ
ခရစ်တော်ကို "ချစ်"
"ယုံကြည်" လက်ခံ ဝံ့ခဲ့သူရယ်ပါ ... ... ...
( ကာရံမဲ့ ခံစားမှု စာပိုဒ်ကလေးများအား ဖတ်ရသူ ညီအစ်ကို မောင်နှမများ အပေါ် ဘုရားသခင် ထံမှလာသော ခွန်အားသစ်များ ရရှိခံစား နိုင်ပါစေလို့ ... )
"နာမတော်မြတ်၌"

**ကိုကြီး ( စိုင်းမွန် )**

oooooooooooooooooooooooooooooooooooo

# တွေ့ခွင့်



__အခန်း (၁)__

မောင်မောင်ဆိုတဲ့ အသက် ၅နှစ်သား အရွယ်ရှိတဲ့ ကလေးငယ်လေးဟာ သူ့ကို ထိန်းနေတဲ့ အိမ်ဖော်မိန်းမကြီးကို၊ ငိုယိုပြီးတော့ " ဟီး ဟီး ဟီး မေမေ ဘယ်မှာ လဲ၊ မေ့မေ့ဆီသွားမယ်၊ မေမေ့ကို တွေ့ခွင့်ပေးပါ " လို့ တကျိုကျို မေးနေပါတယ်။ မိန်းမကြီးက "မင်း မေမေ အလုပ်သွားတယ်၊ ခနစောင့်ပါ " လို့ပြန်ဖြေလိုက် တယ် ...

__အခန်း (၂)__

မောင်မောင် ဆိုတဲ့ အသက် ၁၈ နှစ်အရွယ် လူငယ်လေးဟာ မိန်းကလေး ဘော်ဒါ ဆောင်က အစောင့်မှူးကို " ကျွန်တော် ချစ်သူနဲ့ တွေ့ခွင့်ပေးပါ " လို့ ခွင့်တောင်းနေတယ်။ အစောင့်မှူးက " ဧည့်သည်တွေ့ချိန် မရောက်သေးဘူး ခန စောင့်ပါ " လို့ ပြန်ဖြေလိုက်တယ် ...

__အခန်း (၃)__

မောင်မောင်ဆိုတဲ့ အသက် ၃၀ အရွယ် လူရွယ်တစ်ဦးဟာ၊ နာမည်ကြီး ဖက်စပ် ကုမ္ပဏီတစ်ခုရဲ့ ရုံးခန်းထဲက ကုမ္ပဏီအတွင်းရေးမှူးကို " ဒီ ကုမ္ပဏီ က သူဌေးနဲ့ အလုပ်ကိစ္စ ဆွေးနွေးချင်လို့ တွေ့ခွင့်ပြုပါခင်ဗျာ " လို့ ခွင့်တောင်းလိုက်တယ်။ အတွင်းရေးမှူးက " သူဌေး မအားသေးပါဘူးရှင်၊ အစည်းအဝေး ထိုင်နေပါတယ်၊ ခနစောင့်ပါ " လို့ပြန်ဖြေလိုက်တယ် ...

__အခန်း (၄)__

မောင်မောင်ဆိုတဲ့ အသက် ၆၀ အရွယ် အဖိုးကြီးတစ်ယောက်ဟာ အဝေ့ဝေ့ ရောဂါကု ဆေးရုံထဲက အရေးပေါ် လူနာကုတင်ပေါ်မှာ ဝေဒနာပြင်းစွာ ခံစားနေ ရင်း၊ တာဝန်ကျနေတဲ့ သူနာပြုဆရာမလေးကို " ကျွန်တော့်ရောဂါကို သမား တော်ကြီးဆီမှာ ကုသခွင့် ပေးပါဗျာ၊ သမားတော်ကြီးနဲ့ တွေ့ခွင့်ပေးပါ " လို့ တိုးလျှိုး တောင်းပန်နေပါတယ်။ သူနာပြုဆရာမက "သမားတော်ကြီး မအားဘူး၊ ခွဲစိတ်ခန်းထဲ ဝင်နေတယ်၊ ခနစောင့်ပါ " လို့ပြန်ဖြေလိုက်တယ်။

__အခန်း (၅)__

မောင်မောင်ဆိုတဲ့ ဝိညာဉ်တစ်ခုဟာ ကောင်းကင်ပရဒိသုဘုံ တံခါးဝက တံခါးမှူး ကို " ကျွန်တော့်ရဲ့ ဝိညာဉ် ငြိမ်သက်ဖို့အတွက် ဘုရားသခင်နဲ့ တွေ့ခွင့်ပြုပါ ခင်ဗျာ " လို့ခွင့်တောင်းနေတယ်။ တံခါးမှူးက " ဝမ်းနည်းပါတယ်၊ ခင်ဗျားလာတာ သိပ် နောက်ကျသွားပါပြီ၊ ဘုရားသခင်နဲ့ လုံးဝ တွေ့ခွင့် မရတော့ပါဘူး" လို့ ပြန်ဖြေ လိုက်ပါတယ် ... ... ... ။ ။

**အကျဉ်းချုပ်**

( ဆင်ခြင်ရန် ... တွေ့နိုင်သည့် ကာလတွင် ထာဝရဘုရားကို ရှာကြလော့၊ နီးတော်မူသည့် ကာလတွင် ဆုတောင်းပဌနာပြုကြလော့။ ဟေရှာယ ၅၅း၆ )

# ကျွန်တော်၏လက်ထပ်မင်္ဂလာပွဲ

**မင်းအောင်သက်လွင်**



ကျွန်တော် မင်္ဂလာဆောင်တော့မယ် ဆိုတဲ့၊ သတင်းစကားက ကျွန်တော့်ကိုသိတဲ့ အသိုင်းအဝိုင်းကြားမှာ ဟိုးလေးတကျော် ဖြစ်သွားပါတယ်။ အသက်သုံးဆယ်ကျော်ထိ လူပျိုကြီးဘဝနဲ့ နေလာခဲ့ပြီးမှ အခုမှ ကောက်ကာငင်ကာ မင်္ဂလာဆောင်တော့မယ်ဆိုတော့ – ဘယ်သူနဲ့လဲ၊ ဘယ် တော့လဲ၊ ဘယ်မှာလဲ၊ ဘယ်လောက်အကုန်ခံမှာလဲ၊ ဆိုတဲ့ "လဲ" ပေါင်းများစွာ ပါဝင်တဲ့ မေးခွန်းပေါင်းရုံ ကို လူပေါင်းရုံက ကျွန်တော့်ကို ဖုန်းနဲ့တစ်မျိုး၊ လူကိုယ်တိုင်တစ်သွယ်၊ လူကြုံနဲ့တစ်နည်း၊ နားညည်းလောက်အောင် မေးနေတော့တာမို့ ကျွန်တော့်မှာ လူတွေ့တိုင်းလန့် နေမိပါတော့တယ်။ ခင်မင်ရင်းနှီးလွန်းတဲ့ သူတွေကတော့ နောက်ပြောင်ပြောဆိုတတ်သလို၊ မျက်မှန်းတန်ရုံလောက်ဘဲ သိတဲ့သူတွေကလဲ အခင်မင်မပျက်အောင် အားနာပါးနာ မေးတတ်ကြပါတယ်။ ပထမတော့ ကျွန်တော်လဲ စိတ်လိုလက်ရ ဖြေခဲ့ပေမဲ့၊ မေးပါများ အပြောခံရပါများလာတော့ နဂိုကတည်းက မရှည်တဲ့စိတ်က ခပ်တိုတိုနဲ့ အရွဲ့တိုက်ပြီး ပေါက်ကရ ပြောမိလိုက်တာမျိုးတွေလဲ ရှိခဲ့ပါတယ်။ တစ်ချို့က "မင်းတွဲတဲ့ မိန်းမတွေက များလွန်းတော့ ဘယ်တစ်ယောက်နဲ့ ဆောင်မှာလဲ" တဲ့၊ ကျွန်တော် ကိုယ်တိုင်ကလဲ ရည်းစားများများ ထားခဲ့ဖူးတဲ့ လူရှုပ်လူပွေ တစ်ယောက်မို့ သူတို့မေးတာ မလွန်ပါဘူး။ အဲဒီမေးခွန်းကို ဖြေရမယ်ဆိုရင်တော့ ကျွန်တော် တကယ်လက်ထပ်ဖို့ဆုံးဖြတ်ထားတဲ့ ကျွန်တော့်ရဲ့ ဘဝအဖော်မှန်က လွန်ခဲ့တဲ့ ၁၅နှစ်ကတည်းက ကျွန်တော်နဲ့ မေတ္တာမျှခဲ့တဲ့ ကျွန်တော့်ရဲ့ ချစ်ဦးသူ ပါဘဲ။

တော်တော်များများကတော့ ကျွန်တော်ရည်းစားများပြီး ရှုပ်ပွေတာကို အပြစ်တင်ကြပါတယ်။ ကျမ်းစာထဲမှာတောင် "သင်တို့ကို မမှန်ဘဲ၊ လူတကာက အပြစ်တင်ရင် သည်းခံပါ၊ ရန်တုံ့မပြန်နဲ့" လို့ဆိုထားတယ်လေ။ မမှန်ဘဲ အပြစ်တင်ရင်တောင် သည်းခံရမှာ၊ အခုဟာက သွေးထွက်အောင်မှန်နေတော့မို့ပြီးတောင် သည်းခံရအုံးမှာပေါ့။ အစကတော့ ကျွန်တော် စိတ်ဆိုးမိပါတယ်၊ နောက်တော့ အခုလိုလူတွေကလာပြီး ဝေဖန်အပြစ်တင်တာကို သည်းခံပြီး၊ အလှဆုံး ပြန်မြီးပြနိုင်ဖို့ မှန်ထဲမှာ တစ်ယောက်တည်း ကြိတ်ပြီး လေ့ကျင့်ထားပါတယ်။

မင်္ဂလာဆောင်တယ် ဆိုတာကလဲ ဆေးမင်ရည် ရဘ်ထိုးသလိုပါဘဲ၊ တစ်သက်မှာတစ်ခါ၊ မှားရင်ပြန်ပြင်လို့ မရတာမို့ သေချာစဥ်းစား ဆုံးဖြတ်ရပါသေးတယ်။ "နင် မင်္ဂလာဆောင်ရင် ငါတို့ကိုဖိတ်နော်၊ ဘယ်နေရာ ရောက်ရောက် နင့် မင်္ဂလာပွဲကို ရောက်အောင်လာခဲ့မယ်" ဆိုတဲ့ ရင်းနှီးလွန်း သူတွေရဲ့ စကားကြောင့် ကျွန်တော့်ရဲ့ မင်္ဂလာပွဲမှာ ဖိတ်ရမဲ့သူတွေကိုလဲ တစ်ယောက်တစ်လေမှ မကျန်ရစ်ရလေအောင် စေ့စေ့စပ်စပ် စာရင်းပြုစုရပါသေးတယ်။ တစ်ခါမှ မကြုံဖူးသေးတဲ့ အတွေ့အကြုံမို့ ကျွန်တော် ရင်ခုန်ချင်သလိုလို၊ ကြောက်သလိုလို၊ ရှက်သလိုလို ခံစားရတာကို မရက်တမ်း ဝန်ခံပါရစေ။ တစ်ခါတလေ လမ်းကြုံလို့ ဈေးဘက်ကို လမ်းလျှောက်မိခဲ့ရင် မင်္ဂလာဆောင်မှာ ဝတ်ရမဲ့ အဝတ်အစားတွေကို ဟိုဟာဝယ်ရကောင်းနိုး၊ ဒီဟာဝယ်ရကောင်းနိုးနဲ့ တဇေတဝေ အကဲခတ် နေမိပါတယ်။ ပထမတော့ မြန်မာလူမျိုးပီပီ၊ ဇမာပိုင်းရင်းသားအတက်စုံ ဝတ်ဖို့ စဥ်းစားမိသေးတယ်။ ဒါပေမဲ့ အဲဒီဝတ်စုံကြီး ဝတ်လိုက်မှ ကျွန်တော့ရုပ်က မင်းသားရုပ် မပေါက်ဘဲ၊ အငြိမ့်ထဲက လူပျက်ရုပ်ပေါက်နေမှာကို စိုးရိမ်ပြီး အဲဒီအစီအစဥ်ကို ဖျက်လိုက်ပါတယ်။

သူများတွေ မင်္ဂလာဆောင်သလို ဘိုလို ဝတ်ရကောင်းမလားလို့ စဥ်းစားမိသေးတယ်။ အင်း... ဘိုဝတ်စုံကလဲ ချုပ်ပြီးသား ရယ်ဒီမိတ် ဝယ်ဝတ်နိုင်ရအောင် ကျွန်တော်ကလဲ လခကောင်းတာမဟုတ်။ တလောကတော့ လမ်းဘေးအပ်ချုပ်ဆိုင်က ချုပ်တဲ့ ပတ်စုံချုပ်ခ မေးကြည့်တော့လဲ တလခစာလောက်ရှိမယ်။ အင်း ... စင်ကာပူရောက်တုံးရောက်ခိုက် သူများတွေလို "ငါတို့က နိုင်ငံခြားမှာ မင်္ဂလာဆောင်ခဲ့တာ" လို့ ပြောစမှတ်ဖြစ်ပြီး ကြွားလို့ရအောင်၊ စင်ကာပူက ကြုံရာ ဘုရားကျောင်း တစ်ကျောင်း ကျောင်းမှာ မင်္ဂလာဆောင်ရင်ကောင်းမလား၊ လူအထင်ကြီးအောင် ဖိတ်စာထဲမှာ လက်ရှိကိုယ်လုပ်နေတဲ့ စင်ကာပူကုမ္ပဏီရဲ့ နာမည်ကို ခပ်ကြီးကြီး ရိုက်ထည့်ရင် ကောင်းမလား။ မြန်မာပြည်က နှစ်ဘက်သောမိဘတွေကို ခေါ်ကာပူခေါ်ပြီး မင်္ဂလာပွဲ လုပ်ရင်ကောင်းမလား၊ မင်္ဂလာဆောင်ပြီးရင် နီးနီးနားနား ဆန်တိုဆာ ကျွန်းမှာ သွားပြီး ပျားရည်ဆယ်းခရီးထွက်ရင်ကောင်းမလား။ ဆွေခုံမျိုးစုံနဲ့ မင်္ဂလာစရိတ် သက်သာအောင် မြန်မာပြည်ပြန်ပြီး ဆောင်ရင်ကောင်းမလား။ ဆိုပြီး တစ်ယောက်တည်း "ကောင်းမလား" ပေါင်းများစွာနဲ့ စိတ်ကူးယဥ်လိုက်၊ အိပ်မက်မက်လိုက်နဲ့ ရီးတိုးရွတ ဖြစ်ခဲ့ဖူးပါတယ်။

ကိုယ့်ထက် အတွေ့အကြုံရှိတဲ့ မင်္ဂလာဆောင်ပြီးသား သူတွေကို "မင်္ဂလာဆောင်ရင် ဘာတွေလိုအပ်သလဲ" လို့မေးစမ်းချင်ပေမဲ့ ကွယ်ရာမှာ ငါ့အတင်းပြောပြီး ဟားတိုက်ကြလေမလား။ အထင်သေးတဲ့ မျက်လုံးနဲ့ ကြည့်လေမလား။ လူပေါ လူကြောင်လို့ ပေဖန်မလားဆိုတဲ့ အတွေးပေါင်းရုံကို တွေးမိခဲ့တာမို့ မေးချင်စိတ်ကို မြိုသိပ်ခဲ့တာကြာပါပြီ။ တကယ်တော့ ကျွန်တော်ဟာ နိုင်ငံကျော် အနုပညာရှင်တယောက် မဟုတ်သလို ကမ္ဘာကျော် အားကစားသမားလဲ မဟုတ်ပါဘူး။ ဒါ့ကြောင့် ကျွန်တော့်ကို သိတဲ့သူက လက်တစ်ဆုပ်စာလောက်တောင် မရှိပါဘူး။ လူသိနည်းပေမဲ့ သိတဲ့ လူတွေရဲ့ စပ်စုလိုစိတ် ဝဲဂယက်ထဲမှာ ကျွန်တော်ဟာ ကောက်ရိုးမျှင်လေး တစ်မျှင်လိုပါဘဲ။

အဲဒီလို မင်္ဂလာပွဲအတွက် ပြင်ဆင်ရင်း စိတ်ကူးယဥ်နေတုံးမှာဘဲ၊ ကျွန်တော်နဲ့ မင်္ဂလာဆောင်ရမဲ့ **သူ** ဆီက သတင်းစကားတစ်ခု ရလိုက်တယ်။ **သူ** က အဲဒီ မင်္ဂလာပွဲကို လူတိုင်းမပျက်မကွက် တက်ရောက်ဖို့ ကျွန်တော့်ကို လူတိုင်းဆီကို လိုက်ဖိတ်ခိုင်းပါတယ်။ ဓာတ်ဖိတ်သူ မိတ်ဆွေကိုလဲ ကျွန်တော့်ရဲ့ မင်္ဂလာပွဲကို လာခဲ့ဖို့ ဖိတ်လိုက်ပါတယ်၊ မင်္ဂလာပွဲကို လာခဲ့ရင် လက်ဖွဲ့ပစ္စည်းတွေ ယူလာစရာမလိုပါဘူး။ ဒီမင်္ဂလာပွဲမှာ ကျွန်တော်က သတို့သားမဟုတ်ဘဲ၊ သတို့သမီး အဖြစ်ဆောင်နွှဲရမှာတဲ့။ ဟိုက် ... ဘယ့်နှယ်ပါလိမ့်၊ ယောကျ်ားစစ်စစ်က သတို့သမီး လုပ်ရမယ်ဆိုတော့ ... ပြီးတော့ မင်္ဂလာပွဲကို စင်ကာပူမှာလဲမလုပ်ဘူး၊ မြန်မာပြည်မှာလဲ မလုပ်ဘူး။ ကောင်းကင်ဘုံမှာ ကျင်းပမှာတဲ့။ မင်္ဂလာပွဲ နာမည်က သိုးသငယ်ရဲ့ မင်္ဂလာပွဲ ဆိုဘဲ။ သေသေချာချာမှာလိုက်တဲ့ စကားတစ်ခွန်း ကတော့ မင်္ဂလာပွဲကို လာတဲ့ လူတိုင်းကလဲ ဧည့်ပရိတ်သတ်အဖြစ် မလာဘဲ၊ လူတိုင်း သတို့သမီးအဖြစ် လာတက်ရမယ်တဲ့။ သတို့သမီး ဝတ်စုံကိုလဲ ဝတ်လာခဲ့ရမယ်တဲ့။

ဪ ... ကျွန်တော်နဲ့ မင်္ဂလာဆောင်မဲ့ **သူ** ရဲ့ နာမည်ကို ပြောဖို့ မေ့သွားတယ်။ **သူ့** နာမည်က "ယေရှုခရစ်တော်" တဲ့။ မင်္ဂလာပွဲကို ဆက်ဆက် လာခဲ့နော်။ မျှော်နေမယ် ... ... ... ... ။။

ဤ သခင့်ဝကား၏ စာစောင်ကို မိတ္တူကူး၍ သင့်မိသားစုနှင့် မိတ်ဆွေများထံ လက်ဆင့်ကမ်း ပေးပို့ခြင်းဖြင့် အမှုတော်မြတ်တွင် ပါဝင်ပါ။